Association of United Nationalities in Japan
在日ビルマ連邦少数民族協議会
東京都新宿区下落合 2-1-8 三栄ビル 205
ညီညွတ်သောတိုင်းရင်းသားများအဖွဲ့အစည်း (ဂျပန်)
205 San E Bldg. Shimoochiai 2-1-8
Shinjuku-ku 161-0033 Tokyo, Japan
Tel/Fax – 03-3565-2411., aunjp2003@yahoo.com

ကရင့်အမျိုးသားအစည်းအရုံး၏ အထွေအထွေအတွင်းရေးမှူး
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ခေါင်းဆောင်
## တိုင်းရင်းသားခေါင်းဆောင်ကြီး ပဒိုးမန်းရှာလားဖန်း
ကျဆုံးကွယ်လွန်ရခြင်းနှင့်ပတ်သက်၍ဝမ်းနည်းကြေကွဲခြင်း

ရက်စွဲ ။ ။ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ (၁၇) ရက်

ကရင့်အမျိုးသားအစည်းအရုံး၏အထွေထွေအတွင်းရေးမှူးနှင့်ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ၏ခေါင်းဆောင်၊ တိုင်းရင်းသားခေါင်းဆောင်ကြီး ပဒိုးမန်းရှာလားဖန်းသည် ၂၀၀၈ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့၊ မွန်းလွဲ (၄)နာရီ (၄၀) မိနစ်ခန့်တွင် မသမာသူများ၏ လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည့် သတင်းကိုကြားသိရပါသဖြင့်ညီညွတ်သောတိုင်းရင်းသားများ အဖွဲ့အစည်း (ဂျပန်) မှအထူးပင်တုန်လှုပ်ခြောက်ခြားခဲ့ရပါသည်။ အစားထိုး၍မရနိုင်သော တန်ဖိုးရှိသည့်တိုင်းရင်းသားခေါင်း ဆောင်ကြီးတစ်ဦး ဆုံးရှုံးရသဖြင့် ဝမ်းနည်းကြေကွဲရပါသည်။ ၁၉၆၂ ခုနှစ်မှစ၍ကွယ်လွန်သည့်တိုင်အောင်တိုင်းရင်းသားများ၏ တန်းတူအခွင့်အရေးရရှိရေး၊ စစ်မှန်သော ဖယ်ဒရယ်ပြည်ထောင်စုကြီးတည်ဆောက်ရေး၊ လူ့အခွင့်အရေးနှင့်မြန်မာပြည် ဒီမိုကရေစီအရေး လှုပ်ရှားမှုကြီးတွင်စွမ်းစွမ်းတမံ၊ စွန့်လွှတ်အနစ်နာခံပေးဆပ်မှုများသည် သမိုင်းတွင်ကျန်ရစ်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ခေါင်းဆောင်ကြီးလုပ်ကြံသတ်ဖြတ်ခြင်းခံရခြင်းအတွက် ကရင့်အမျိုးသားအစည်းအရုံးအဖွဲ့ဝင်များ၊ ကရင်အမျိုးသားများအားလုံး၊ ကျန်ရစ်သူမိသားစုများနှင့်အတူ ညီညွတ်သောတိုင်းရင်းသားများအဖွဲ့အစည်း(ဂျပန်) မှ အဖွဲ့ဝင်များအားလုံးသည် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်းသဝဏ်လွှာပေးပို့အပ်ပါသည်။

ညီညွတ်သောတိုင်းရင်းသားများအဖွဲ့အစည်း (ဂျပန်)
AUN - Japan

(1) Kachin National Organization - Japan (KNO - Japan)
(2) Karen National League - Japan (KNL - Japan)
(3) Chin National Community - Japan (CNC - Japan)
(4) Naga National Society - Japan (NNS - Japan)
(5) Palung National Society - Japan (PNS - Japan)
(6) Punnyagari Mon National Society - Japan (PMNS - Japan)
(7) Arakan League for Democracy (Exile - Japan)(ALD - Exile Japan)
(8) Shan National for Democracy - Japan (SND - Japan)

CLM